ဘေးအပေါင်း ရန်အပေါင်း ကင်းစေကြောင်း

# ရန်အပေါင်းနှင့် အကျိုးမြင်



ဆရာမင်းဝိဇ္ဇာ

၁၇

တစ်နေ့တွင် ကျွန်ုပ်ထံသို့ မိတ်ဆွေတစ်ဦးဖြစ်သူ ဦးဝင်းတင်ရောက်ရှိလာလေသည်။ ဦးဝင်းတင်က ကျွန်ုပ်အား-

"ဆရာ့ကို ကျွန်တော် အကူအညီတစ်ခုတောင်းချင်လို့ပါ"

ဟု ဆိုလေရာ ကျွန်ုပ်က-

"ဘာအကူအညီများ ပါလိမ့်ဗျာ၊ ကူညီရတာပေါ့လေ"

ဟုပြောလိုက်မိ၏။ ထိုအခါ ဦးဝင်းတင်က-

"ဒီလိုပါဆရာ. . . ဆရာသိတဲ့အတိုင်း ကျွန်တော်ဟာ စီးပွားရေးလုပ်ငန်းနှစ်ခုသုံးခု လုပ်နေပါတယ် ဆရာ"

"ဟုတ်တယ်လေ. . . အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်သလဲ ဆိုတော့ဆရာရယ်. . . ကျွန်တော့်လုပ်ငန်းတွေမှာ အနှောင့်အယှက် အမျိုးမျိုး ပေါ်နေလို့ပါပဲဆရာ. . . ကျွန်တော့်လုပ်ငန်းတွေ ထိခိုက်ကျဆင်းအောင် ကျွန်တော့်ရဲ့ ပြိုင်ဖက်တွေက အမျိုးမျိုးအနှောင့်အယှက်ပေးနေကြပါတယ် ဆရာ၊ ဘယ်လိုပေးနေကြသလဲဆိုတော့ ဆရာ"

"တော်ပါပြီဗျာ. . . ဒီလောက်ဆိုရင် လုံလောက်ပါပြီ၊ ကျွန်တော်က အဆောင်တွေ ဘာတွေတော့ မပေးတတ်ပါဘူး၊ ဒါပေမယ့် ကျင့်ကြံရမယ့် ကျင့်နည်းလေး တစ်ခုတော့ ပေးလိုက်ပါ့မယ်"

"ဟုတ်ကဲ့. . . ပေးပါဆရာ. . ကျွန်တော် ဆရာပြောတဲ့အတိုင်း လုပ်ပါ့မယ်"

"ခင်ဗျား ဒီအနှောင့်အယှက်တွေကိုအောင်မြင်အောင် ဝရုဏရန်နှင် ဂါထာကို ရွတ်ဆိုပြီး ပုတီးစိပ်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီဂါထာတော်ဟာ ဝရုဏနတ်မင်းကြီးရဲ့ ရန်နှင်ဂါထာတော် ဖြစ်ပါတယ်၊ အဲဒီမန္တန်တော်ကို ၁၈-ရက် ပုတီးစိပ် အဓိဋ္ဌာန်ဝင်ပါ။ ပုတီးစိပ်ပြီးတဲ့နောက်မှာလည်း နေ့စဉ် နံနက်၁၈-ခေါက်၊ နေ့လယ် ၁၈-ခေါက်၊ ည ၁၈-ခေါက်၊ ရွတ်ဆိုပါ၊ ပြီးတော့ ညအိပ်ရာဝင်တဲ့အခါတိုင်း ဘုရားကို ရှိခိုးကန်တော့ပါ။ ပြီးရင် မိမိကို အနှောင့်အယှက်ပြုနေတဲ့ သူတွေကို မျက်လုံးထဲ မြင်အောင်ကြည့်ပြီး 'ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ' လို့မေတ္တာပို့သပေးပါ၊ ၁၀-မိနစ်၊ ၁၅-မိနစ်၊ လောက် မေတ္တာပို့ပေးပါ၊ ပြီးမှအိပ်ပါ"

"အဲဒီအတိုင်းသာ ဆောင်ရွက်သွားပါ၊ အနှောင့်အယှက်တွေ ကင်းဝေးစေပြီး လုပ်ငန်း ဒီထက် ကောင်းလာပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"လူတွေက မသိကြလို့ပါ၊ ဂါထာမန္တန်တော်တွေဟာ လောကီလောကုတ်နှစ်ဖြာသော အကျိုးကျေးဇူးတွေကို ပေးစွမ်းနိုင်တဲ့ လိုတရရွှေအိုးကြီးတွေပါ။ ထုတ်ယူသုံးစွဲလို့ မကုန်နိုင်ပါဘူး၊ တချို့က ဒါကိုမေ့နေတယ်၊ တချို့က မယုံကြည်ကြဘူး"


"ဟုတ်ကဲ့ပါ ဆရာ"

"မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ပရိတ်တော်၊ ဂါထာတော်များရဲ့ အာဏာစက် တန်ခိုးသတ္တိ အရှိန်အဝါများဟာ. . . မဟာလောကဓာတ်ကြီးတစ်ခုလုံးကို ပျံ့နှံ့ဖုံးလွှမ်းနိုင်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

**"ဝရုဏရန်နှင် ဂါထာတော်က**တော့-

-နမေ နောမ - မနောမေန
မေတုံမောတံ - တံမော တုံမေ
နောမေ ကာမ- မကာမောနော
မတံမဂ္ဂ - ဂ္ဂမတံမ



ဂါထာတစ်ပုဒ်ဆုံး ပုတီးတစ်လုံးချပြီး နေ့စဉ်ပုတီး ၉-ပတ်စိပ်ရမယ်၊ ၁၈-ရက်အဓိဋ္ဌာန်ဝင်ပါ။

ညအိပ်ရာဝင်ခါနီးတိုင်း

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံသရဏံ ဂစ္ဆာမိ

သံဃံသရဏံ ဂစ္ဆာမိကို တတိယမ္ပိ သံဃံသရဏံ ဂစ္ဆာမိအထိ ရွတ်ဆိုပြီး ရှိခိုးကန်တော့ရမယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာ"

"အဲဒီအတိုင်း ဆောင်ရွက်ကြည့်ပါ၊ အဆင်ပြေသွားပါလိမ့်မယ်"

နောက်တစ်လခန့်ကြာသော် မိတ်ဆွေဖြစ်သူ ဦးဝင်းတင်သည် ကျွန်ုပ်ထံသို့ ရောက်လာပြီး-

"ကျွန်တော့်ကို နှောက်ယှက်နေကြတဲ့သူတွေ ကျွန်တော့်ကို မနှောင့်ယှက်ကြတော့ပါဘူး၊ သူတို့ကျွန်တော်နဲ့ လာရောက် ပူးပေါင်းပြီး လုပ်ငန်းအသစ်တစ်ခုတောင် လုပ်ကိုင်နေကြပါပြီဆရာ"

ဟု ဆိုကာ ပြောလာသဖြင့် ကျွန်ုပ်မှာ ဝမ်းသာကြည်နူး ဖြစ်ရခြင်းနှင့်အတူ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ရှိခိုးကန်တော့ မိပါသတည်း။

ဆရာမင်းဝိဇ္ဇာ